# သင့်ကလေး၏ အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်များ

## သုံးနှစ်သား

- ရိုးရှင်းသော ဝါကျများကို သုံးတတ်သည်။
- ကလေးအား သူ့နာမည်ကို မေးလျှင် ပြောပြတတ်သည်။



- ခြေနှစ်ဖက်လုံးဖြင့် စုံ ခုန်နိုင်သည်။
- လှေကားကို တစ်ဖက်ချင်း နင်းပြီး တက်နိုင်သည်။
- ခြေထောက်တစ်ဖက်တည်းပေါ်တွင် တစ်စက္ကန့်မျှကြာအောင် ရပ်နိုင်သည်။



- ရောင်စုံခဲတံကို လက်ချောင်းနှင့် လက်မကြားညှပ်ပြီး လူကြီးများကဲ့သို့ ကိုင်နိုင်သည်။



- လက်လှမ်းမမီသည့်နေရာမှ ပစ္စည်းကို ခုံ၊ သို့မဟုတ် တစ်ခုခုသုံးပြီး တက်ယူနိုင်သည်။



- ကစားဖော်များ၊ အရုပ်များနှင့် လွတ်လွတ်လပ်လပ် ကစားတတ်သည်။
- အလှည့်ကို စောင့်တတ်သည်။
- အင်္ကျီများကို ကိုယ့်ဘာသာ ဝတ်တတ်သည်။



## နှစ်နှစ်သား

- ရင်းနှီးသည့် အသုံးအဆောင်များကို နာမည်ပြောလျှင် လက်ညိုးညွှန်ပြတတ်သည်။
- စကားလုံး ၂ လုံးမှ ၃ လုံး ပါဝင်သည့် စာကြောင်းများ ပြောသည်။




- လမ်းလျှောက်လျက် လက်ထဲတွင် တစ်စုံတစ်ရာကို ကိုင်သွားနိုင်သည်။
- ဘောလုံးကန်တတ်သည်။ ပြေးနိုင်သည်။



- စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လှန်တတ်သည်။



- ကိုယ်တိုင် အစားအသောက် စားတတ်သည်။
- ရိုးရှင်းသောပြဿနာများကို ဖြေရှင်းတတ်သည်။
- ပစ္စည်းများကို နေရာတကျ ထားတတ်သည်။




- အခြားသော ကလေးများနှင့် အတူရှိနေချိန်တွင် စိတ်လှုပ်ရှားသည်။
- ဟန်ဆောင် အတုလုပ်ကစားနည်း စတင်ကစားလာသည်။



## တစ်နှစ်သား

- စကား တစ်လုံး နှစ်လုံး စပြောတတ်သည်။
- 'မဟုတ်ဘူး'ဆိုသည့်သဘောဖြင့် ခေါင်းယမ်းခါတတ်သည်။
- လွယ်ကူရှင်းလင်းသော ညွှန်ကြားမှုကို လိုက်နာသည်။




- လေးဖက်တွားသည်။ တစ်ခုခုကိုဆွဲပြီး ထသည်။
- ကိုင်စရာဖြင့် တစ်လှမ်းနှစ်လှမ်း လျှောက်နိုင်သည်။



- လက်မလက်ညိုးဖြင့် ပစ္စည်းများကို ကောက်နိုင်သည်။



- ပစ္စည်းတစ်ခုခုကို စာရွက်၊ သို့မဟုတ် အဝတ်စဖြင့်ဖုံးအုပ်ပြီး ဝှက်ထားပါက ပြန်ရှာနိုင်သည်။
- "တူတူရေဝါး"ကစားတတ်သည်။



- အင်္ကျီဝတ်ပေးလျှင် လက်ကို အလိုက်သင့်ထားသည်။



## ခြောက်လသား

- ချော့မြှူသံကြားသည့်အခါ ကလေးသဘာဝအသံဖြင့် တုံ့ပြန်တတ်သည်။
- မိမိနာမည်ခေါ်သံကြားလျှင် တုံ့ပြန်မှုရှိသည်။
- အသံလာရာသို့ လှည့်ကြည့်သည်။



- ပက်လက်လှန်နေရာမှ မှောက်တတ်သည်။
- အထောက်အပံ့မပါဘဲ စတင်ထိုင်နိုင်သည်။



- အရုပ်တစ်ခုကို လက်နှစ်ဖက်ဖြင့် ကိုင်သည်။
- အရုပ်သေးသေးတစ်ခုကို လက်ဖဝါးတစ်ခုလုံးဖြင့် ဆုပ်ကိုင်သည်။



- လွတ်ကျသွားသော သူ့အရုပ်ကို ပြန်ကောက်ရန် ကြိုးစားသည်။
- အခြားသူများနှင့်၊ အထူးသဖြင့် မိဘများနှင့် ဆော့ကစားရသည်ကို နှစ်သက်သည်။



- မှန်အကြီးကြီးရှေ့တွင် သူဘာသာသူ ခိုးခိုးခစ်ခစ် အသံပေးသည်။
- ခြေလက်များကို စူးစမ်းလေ့လာသည်။ (ပက်လက်လှန်လဲ့နေစဉ် ခြေဖဝါးကို ဆွဲကစားခြင်း)




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF (မြန်မာ) ၊ The Leprosy Mission Myanmar ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်(ဓမ္မပညာဌာန)နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ ပူးပေါင်းရေးသားပြုစုသည်။